# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ

( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၀။)

၁၃၇၇ခုနှစ်၊ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်

( ၂၀၁၅ခုနှစ်၊ဇူလိုင်လ၁၄ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကိုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကိုပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲငယ်(၂) ကိုပုဒ်မ ၂၊ပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲငယ် (၁) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီးပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲငယ် (၁)တွင် ပါရှိသော "နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ" ဆိုသည့် စကားရပ်ဖြင့် အစားထိုး၍ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၂) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေအခန်း(၄)၏နောက်တွင် အခန်း(၅)၊ အခန်း(၆)နှင့် အခန်း(၇)တို့ကိုအောက်ပါအတိုင်းဖြည့်စွက်ရမည် -

**"အခန်း(၅)**

**ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းခြင်း၊ ခန့်အပ်တာဝန်ပေးခြင်းနှင့် အရည်အချင်းများ**

၁၂။ ကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဂ)ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များအရအောက်ပါရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကိုဖွဲ့စည်းရမည် -

(က) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(ခ) ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(ဃ) ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(င) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ။

၁၃။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ကော်မရှင်က သတ်မှတ်ထားသည့် မူဝါဒနှင့်အညီမိမိတို့၏ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အတွင်းရှိ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကိုဖွဲ့စည်းရမည်။

၁၄။ ကော်မရှင်သည် ပုဒ်မ၁၀၊ ပုဒ်မခွဲ (ဂ)အရ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းရာတွင် အများယုံကြည်လေးစားခြင်းခံရသူပုဂ္ဂိုလ် အနည်းဆုံး ၃ ဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းအဖွဲ့ဝင်များထဲမှ တစ်ဦးကိုဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်။ သက်ဆိုင်ရာရွေးကောက်ပွဲအရာရှိကို အတွင်းရေးမှူး အဖြစ် တာဝန်ပေးအပ်ရမည်။ လိုအပ်လျှင် နိုင်ငံ့ဝန်ထမ်းများကို အဖွဲ့ဝင်များအဖြစ် ထည့်သွင်း ဖွဲ့စည်းနိုင်သည်။

၁၅။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ပုဒ်မ၁၃အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းရာတွင် အများယုံကြည် လေးစားခံရသူပုဂ္ဂိုလ် အနည်းဆုံး ၃ ဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းအဖွဲ့ဝင်များထဲမှ တစ်ဦးကို

ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်။ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစာရေးသည် ယင်းရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၁၆။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) အသက် ၄၀ နှစ်ပြည့်ပြီးသူ (ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအတွက် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်။)၊

(ခ) နိုင်ငံသားဖြစ်သူ၊

(ဂ) သိက္ခာသမာဓိနှင့် ပြည့်စုံပြီးအတွေ့အကြုံရင့်ကျက်သူ၊

(ဃ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ၊

(င) သက်ဆိုင်ရာဒေသတွင် အမြဲနေထိုင်ပြီးဒေသခံပြည်သူများကယုံကြည်လေးစားသူ၊

(စ) နိုင်ငံရေးပါတီဝင်မဟုတ်သူ၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ ဖြစ်ရမည့်အပြင် မိမိတာဝန်ကျသည့် ဒေသ/မြို့နယ်အတွင်း ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ မိသားစုဝင်နှင့် အတူနေ ဆွေမျိုးသားချင်းများမဖြစ်စေရ၊ ကော်မရှင်အဖွဲ့ခွဲဝင်တစ်ဦးဦးသည် ဤအချက်နှင့်ငြိစွန်းပါက နုတ်ထွက်ရမည်၊

(ဇ) နိုင်ငံရေးပြစ်မှုဖြင့်သော်လည်းကောင်း၊ အကျင့်စာရိတ္တဆိုင်ရာပြစ်မှုဖြင့်သော်လည်းကောင်း တရားရုံး၏ ပြစ်ဒဏ်စီရင်ချက်ကျခံဖူးသူမဖြစ်စေရ။

၁၇။ ပုဒ်မ ၁၆ ပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှုရှိမရှိစိစစ်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၂၂အရ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံမှ အကူအညီရယူဆောင်ရွက်နိုင်သည်။

## အခန်း(၆)

## တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၈။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်သည် -

(က) လွှတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း၊

(ခ) လွှတ်တော်ရွေးကောက်ပွဲများကိုကြီးကြပ်ခြင်း၊

(ဂ) သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကိုကြီးကြပ်ခြင်း၊

(ဃ) မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ကြေညာခြင်း၊

(င) ရရှိသည့် ရန်ပုံငွေများကိုစနစ်တကျသုံးစွဲခြင်း၊ သုံးစွဲစေခြင်း၊

(စ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊

(ဆ) ရွေးကောက်ပွဲနှင့်သက်ဆိုင်သော စာရင်းဇယားများနှင့် မှတ်တမ်းများကို တိကျစွာ ပြုစုထိန်းသိမ်းခြင်း၊

(ဇ) လျှို့ဝှက်ဆန္ဒမဲပေးခြင်းကိုဖော်ဆောင်ခြင်း၊

(ဈ) ကော်မရှင်ကထုတ်ပြန်ခွင့်ပြုသောစာရင်းအချက်အလက်များမှတစ်ပါးအခြားကိစ္စများနှင့် စပ်လျဉ်း၍ ပေါက်ကြားခြင်းမရှိစေရန် စောင့်ထိန်းခြင်း၊

(ည) ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးအတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ခြင်း၊ မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက်မျှမဲမဆွယ်ရခြင်း၊ ဘက်မလိုက်ရခြင်း၊

(ဋ) ကော်မရှင်ကပေးအပ်သည့် တာဝန်များကိုထမ်းဆောင်ခြင်း။

၁၉။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အောက်ပါတို့ကို လိုက်နာရမည်-

(က) လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များကိုတိကျမှန်ကန်စွာလိုက်နာဆောင်ရွက်ခြင်း၊

(ခ) မိမိတာဝန်ကိုဘက်မလိုက်ဘဲ ဖြောင့်မတ်တည်ကြည်စွာထမ်းဆောင်ခြင်း၊

(ဂ) မိမိ၏တာဝန်၊ သိက္ခာနှင့်အညီပြောဆိုနေထိုင်ကျင့်ကြံခြင်း၊

(ဃ) ကော်မရှင်က ညွှန်ကြား၍ ဆောင်ရွက်ရသည်မှအပ ပါတီတွင်းကိစ္စများတွင် ဝင်ရောက်စွက်ဖက်မှုမပြုရခြင်း။

## အခန်း(၇)
## ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ သက်တမ်း

၂၀။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ သက်တမ်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့ရာတွင် သက်တမ်းကုန်ဆုံးပြီး ဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ကော်မရှင်အသစ်တစ်ရပ် ဖွဲ့စည်းပြီးနောက် ယင်းကော်မရှင်က ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းပြီးသည့်အချိန်အထိ မိမိ၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။"

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၏ အခန်း(၅)ကို အခန်း(၈)အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၂ ကိုပုဒ်မ ၂၁ အဖြစ် အောက်ပါအတိုင်း အစားထိုးရမည် -

"၂၁။(က) ယခင် ဖွဲ့စည်းထားပြီးဖြစ်သောရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့သည်ဤပြင်ဆင်သည့် ဥပဒေအရဖွဲ့စည်းထားသောရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့် ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(ခ) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ကုန်ကျစရိတ်များ၊ ရွေးကောက်ပွဲ ကျင်းပခြင်းနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို မိမိ၏ဘဏ္ဍာငွေမှ ကျခံသုံးစွဲရန် နှစ်စဉ် ဘဏ္ဍာငွေအရအသုံးဥပဒေတွင် ထည့်သွင်းရေးဆွဲရမည်။

(ဂ) ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ရရှိခံစားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။"

၆။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၅၊ ပုဒ်မ ၁၆၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉နှင့်ပုဒ်မ ၂၀ တို့ကိုပုဒ်မ ၂၂၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇၊ ပုဒ်မ၂၈ နှင့်ပုဒ်မ ၂၉ တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်